# မြန်မာ - အခွင့်အရေးအလွန်အမင်းချိုးဖောက်ခြင်းအတွက် UN မှလိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ရန်

ရခိုင်ပြည်နယ် ၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်များတွင် ဖြစ်ပေါ်နေသည့် အလွန်အကျွံ ချိုးဖောက်မှုများအတွက် တာဝန်ယူရန်လိုအပ်

(ဂျနီဗာ။ မတ်လ ၂၄ရက် ၂၀၁၇)- အချိန်ကြာမြင့်စွာညှိနှိုင်းမှုများပြုလုပ်ပြီးသည့်နောက်တွင်ကုလသမဂ္ဂလူ့ အခွင့်အရေးကောင်စီမှ ယနေ့အထင်ကရဆုံးဖြတ်ချက်တခုဖြစ်သည့် မြန်မာနိုင်ငံအတွင်း အထူးသဖြင့်ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ညှင်းပန်းနှိပ်စက်မှုများအပေါ် စွပ်စွဲချက်များကိုလွတ်လပ်စွာရပ်တည်နေသည့်အပြည်ပြည်ဆိုင်ရာသတင်းအချက် အလက် ရှာဖွေရေးအဖွဲ့ အားစုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်အမိန့် ပေးခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်အပေါ် Fortify Rights အနေဖြင့် ကြိုဆိုပြီး မြန်မာအစိုးရ နှင့် အာဏာပိုင်များအားထိုဆုံးဖြတ်ချက်အတွက်အပြည့်အဝပူးပေါင်းပါဝင်လုပ်ဆောင်ရန်အားပေးခဲ့ပါသည်။

"လူ့ အခွင့်အရေးကောင်စီအနေနဲ့ ဒီလို အစပြုညှိနှိုင်းလုပ်ဆောင်ပေးတဲ့အတွက် ကျွန်တော်တို့ ချီးကျူးပါတယ်။ ဒါကလည်း ဖြစ်ရမှာ ကြာပါပြီ"ဟု Fortify Rights ၏ စီမံခန့်ခွဲရေးအရာရှိ Matthew Smith မှပြောခဲ့ပါသည်။ "ဒီမစ်ရှင်က အရေးပါတဲ့ နောက်ဆုံး လက်နက် မဟုတ်ပေမဲ့လည်း တားမြစ်မှု နဲ့ တာဝန်ယူမှုတွေအတွက် အပေါင်းလက္ခဏာကို ဦးတည်နေလို့ ဒါကိုကြိုဆိုပါတယ်"

ဥရောပသမဂ္ဂမှဤဆုံးဖြတ်ချက်ကို အစပြုလုပ်ဆောင်ခဲ့သည့် "ဖိနှိပ်ခံရသည့်ဒုက္ခသည်များတရားမျှတမှုရရှိရန်အတွက် ပြစ်မှုကျူး လွန်သူများအားအပြည့်အဝတာဝန်ခံမှုကိုသေချာစွာလုပ်ဆောင်နိုင်ရန် စစ်တပ်နှင့် လုံခြုံရေးအင်အားစုများ မှ မကြာမြင့်မီအချိန်များ အတွင်း လူ့အခွင့်အရေးချိုးဖောက်ခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့် သက်ဆိုင်သည့် အချက်အလက်များနှင့် အခြေအနေများကို ဖော်ထုတ်ရန်မစ်ရှင်အဖွဲ့ ကို လွတ်လပ်သည့်အပြည်ပြည်ဆိုင်ရာ အချက်အလက်ရှာဖွေသည့် မစ်ရှင်အဖွဲ့ ကို အရေးပေါ်စေလွှတ်ရန်" ကုလသမဂ္ဂလူ့ အခွင့်အရေးကောင်စီအားတိုက်တွန်းမှုပင်ဖြစ်ပါသည်။

လူ့ အခွင့်အရေးကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူ Mr.Joaquin Alexander Maza Martelli ၏ လုပ်ဆောင်ရမည့်ပြဌာန်းချက်အောက်တွင် နိုင်ငံခြားသားများကို အချက်အလက်များရှာဖွေစုဆောင်းမှုပြုလုပ်ရန် သတ်မှတ်ထားပါသည်။

UN ၏ မစ်ရှင်အဖွဲ့ ဖွဲ့ စည်းမှုအတွက်သတ်မှတ်ထားသည့်ပြဌာန်းချက်များတွင် အရည်အသွေးပြည့်မီသော ၊ ကျွမ်းကျင်မှုပြည့်ဝသော နိုင်ငံခြားသား ၃ ဦး သို့ မဟုတ် ၅ဦးဖြင့် ဖွဲ့ စည်းရမည်ဖြစ်သည်။ လူ့ အခွင့်အရေးကော်မရှင်အဖွဲ့ မှခန့် အပ်ထားသည့် အဖွဲ့ ဝင် များသည်အနည်းဆုံးရှိနှင့်ပြီးသည့်အခြားအရည်အချင်းများအနက် လူ ့အခွင့်အရေးဥပဒေပြဌာန်းချက်များ၊ လူ ့အခွင့်အရေးနှင့် သက်ဆိုင်သည့်အချက်အလက်များကိုရှာဖွေခြင်းဆိုင်ရာအသိပညာများနှင့် စုံစမ်းစစ်ဆေးရေးအတွက်ချမှတ်ထားသောအခြေခံ သဘောတရားများကို သိရှိကာ လွတ်လပ်မှုဖြင့် ဘက်မလိုက်တတ်သော ၊ လုံလောက်သည့်အသိပညာဗဟုသုတရှိပြီး အတွေ့ အကြုံ ရှိသူဖြစ်ရမည်။

Fortify Rights အနေဖြင့် နယ်အဆင့်၊ ပြည်နယ်အဆင့်နှင့် နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာအစိုးရ နှင့်အာဏာပိုင်များသည် မစ်ရှင်အဖွဲ့ အစည်းဖြင့် အပြည့်အဝပူးပေါင်းလက်တွဲလုပ်ဆောင်ရန် နှင့် သက်ဆိုင်သည့် နယ်ပယ်များနှင့် ရုံးများကိုထိတွေ့ ဆက်ဆံ နိုင်သည့် အခွင့်အရေးကိုချပေးရန် အားပေးပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း နေထိုင်နေကြသော ပြည်သူများအားလုံး အနေ ဖြင့်လည်း မစ်ရှင်နှင့် ပူးပေါင်းလက်တွဲလုပ်ဆောင်ရန် အားပေးပါသည်။

"နိုင်ငံထဲမှာ အချိန်ကြာ ရက်စက်ကြမ်းကြုတ်တဲ့ ပြစ်မှုကျူးလွန်မှုတွေကို ဒီ မစ်ရှင်အဖွဲ့ အားဖြင့်အဆုံးသတ်တဲ့ဘက်ကို ဦးတည် လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်တယ်"ဟု Matthew Smith မှပြောခဲ့ပါသည်။ "ပြည်နယ် လုံခြုံရေးအင်အားစုတွေ အပြစ်ဒဏ် ပေးမခံရဘဲကျူးလွန်ခဲ့တဲ့ ဆိုးရွားတဲ့လုပ်ရပ်တွေကို အစိုးရအနေနဲ့ အမှန်တရားကိုရှေးရှုပြီး ပြစ်မှုကျူးလွန်တဲ့သူတွေကို သူတို့ နဲ့ ထိုက်လျှောက် တဲ့ ပုံစံတွေနဲ့ ကိုင်တွယ်ရမယ်"

ဆုံးဖြတ်ချက် ၏ တောင်းဆိုချက်အရ သတင်းအချက်အလက်ရှာဖွေသည့် မစ်ရှင်အဖွဲ့ အနေဖြင့် "အထူးသဖြင့်ရခိုင်ပြည်နယ်တွင်း" မှ ပြည်နယ်လုံခြုံရေးအင်အားစုများ၏အတင်းအဓမ္မပြုကျင့်ခြင်း၊ တရားဥပဒေကိုကျော်လွန်သောသတ်ဖြတ်ခြင်းများ၊ နှိပ်စက်ညှင်းပန်းခြင်း၊ ပစ္စည်းဥစ္စာများကိုဖျက်ဆီးခြင်းနှင့် အခြားသောချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရမည်ဖြစ်သည်။

အောက်တိုဘာလမှစတင်၍ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်မြန်မာပြည်နယ်လုံခြုံရေးအင်အားစုများမှမွေးကင်းစကလေးများနှင့်ကလေးငယ်များအပါအဝင်ရိုဟင်ဂျာမွတ်ဆလင်များအားတရားဥပဒေကိုကျော်လွန်သောသတ်ဖြတ်ခြင်းများ ၊ အမျိုးသမီးများနှင့် မိန်းကလေးများအား အဖွဲ့ လိုက်အတင်းအဓမ္မပြုကျင့်ခြင်း၊ ပစ္စည်းဥစ္စာများကို ခိုးယူလုယက်ခြင်းနှင့် ဘာသာရေးအဆောက်အအုံများနှင့် အစားအသောက်များသိုလှောင်သည့်ရုံများအပါအဝင် ရွာလုံးကျွတ်ပျက်ဆီးခဲ့ခြင်း များကို Fortify Rights မှမှတ်တမ်းတင်ခဲ့ပါသည်။

ယခင်အပတ် Fortify Rights ၏ US လွှတ်တော်ညီလာခံအရှေ့တွင် သက်သေခံတင်ပြချက်များအရ "ပြည်နယ်လုံခြုံရေးအင်အားစုများမှ ပြည်သူလူထုအခြေချနေထိုင်သည့်နေရာများတွင် တူညီသည့်ပုံစံဖြင့် ဆက်တိုက်ချိုးဖောက်မှုများပြုလုပ်နေခြင်းသည် စနစ်တကျ တိုက်ခိုက်နေခြင်းဖြစ်သည်။ ဤလုပ်ရပ်သည် စစ်သားများမှ အလိုအလျောက်လုပ်ဆောင်ခြင်းမဟုတ်ဘဲ လမ်းညွှန်ချက် သို့မဟုတ် အမိန့် အာဏာကြောင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ညွှန်ပြနေသည်ဟု Fortify Rights အနေဖြင့် ယုံကြည်ပါသည်။"

ထိုကြားနာချက်တွင် Fortify Rights နှင့် တကွပူးပေါင်းလုပ်ဆောင်သူများမှ လွှတ်တော်အဖွဲ့ဝင်များ နှင့် Trump အုပ်ချုပ်ရေး အဖွဲ့ကို လူ့အခွင့်အရေးကောင်စီ၏ဆုံးဖြတ်ချက်အား စုံစမ်းမေးမြန်းခြင်းပြုလုပ်ရန် တောင်းဆိုခြင်းဖြင့် အထောက်အကူပြုရန် တွန်းအားပေးခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်အတွက် USနိုင်ငံ သည် ပူးတွဲ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

မကြာသေးမီအချိန်များအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများအပြင် မြန်မာအစိုးရမှ ရိုဟင်ဂျာအများစုဖြစ်သည့် လူပေါင်း ၁၂၀၀၀၀ကျော်ကို ဆက်လက်၍ ကန့်သတ်မှုများပြုလုပ်နေပြီး ထိုသူများအား ရခိုင်ပြည်နယ်ရှိ မြို့နယ်ရပ်မြို့နယ်တွင်ရှိသော သန့်ရှင်းမှုမရှိသည့် ကန့်သတ်ကယ်ဆယ်ရေး စခန်း၄၀ ကျော်တွင် ထိန်းသိမ်းထားခြင်းကြောင့် လုံလောက်သည့် အကူအညီနှင့် အခြေခံကျသည့် ဝန်ဆောင်ပေးမှုများကို မရရှိခြင်း စသည့် တို့နှင့် ရင်ဆိုင်တွေ့ကြုံနေရပါသည်။ ထို့မျှမက အစိုးရအာဏာပိုင်များမှ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်နေထိုင်နေသည့် အခြားသော ရိုဟင်ဂျာများအားလည်း ရရှိသင့်သည့်တန်းတူညီမျှအခွင့်အရေးဖြစ်သောနိုင်ငံသားဖြစ်ခွင့် ကိုဆက်လက်ငြင်းပယ်နေပြီး လူ့အခွင့်အရေးချိုးဖောက်ခြင်း ဖြစ်သည့် နေ့စဉ် နှင့် အမျှကန့် သတ်ထိန်းချုပ်ခြင်းများကို ပြုလုပ်နေပါသည်။

ကုလသမဂ္ဂ၏ ပြောရေးဆိုခွင့်ရှိသူ Yanghee Lee နှင့် လူ့အခွင့်အရေးကော်မရှင် ရုံး၏ပြောကြားချက်အရ မြန်မာပြည်နယ်လုံခြုံရေးအင်အားစုများ၏ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ်တွင် ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအားစုပေါင်းလိုက်လျှင် လူမျိုးနွယ်စုတခုအပေါ်သို့ ပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါသည်။

သတင်းအချက်အလက်ရှာဖွေသည့်မစ်ရှင်အနေဖြင့်လက်ရှိ ကုလသမဂ္ဂ၏ရခိုင်ပြည်နယ်တွင်းလူ့အခွင့်အရေးချိုးဖောက် ခြင်းများကို အခြေခံ၍ပိုမိုအသေးစိတ်ကျသောသတင်းအချက်အလက်များရယူကာ ကုလသမဂ္ဂမှ အသုံးပြုရန်အသင့်ဖြစ်သောသတင်းအချက်အလက်များဖြစ်သည်အထိ လုပ်ဆောင်ရန် Fortify Rights မှ အကြံပြုလိုက်ပါသည်။ မစ်ရှင်အဖွဲ့ အနေဖြင့် သက်ရောက်မှုရှိသည့် နယ်ပယ်အားလုံးဖြစ်သည့် ရခိုင်ပြည်နယ်အပါအဝင် ရိုဟင်ဂျာဒုက္ခသည်ရာပေါင်းထောင်ပေါင်းများစွာနေထိုင်သည့်ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် မလေးရှားနိုင်ငံ များသို့ လည်းသွားရောက်သင့်ပါသည်။

ရခိုင်ပြည်နယ်တွင်နေထိုင်ကြသော ရခိုင်ဗုဒ္ဓဘာသာဝင်များသည်လည်း မြန်မာစစ်တပ်မှကျူးလွန်သော အတင်းအကျပ်ခိုင်းစေခြင်းနှင့်တဖက်သတ်ဆန်သည့် ဖမ်းဆီးချုပ်နှောင်ခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ တွေ့ကြုံခံစားခဲ့ရပါသည်။ သတင်းအချက်အလက်ရှာဖွေသည့်မစ်ရှင်အနေဖြင့်ရခိုင်ပြည်နယ်တွင်နေထိုင်ကြသော ရခိုင်ဗုဒ္ဓဘာသာဝင်များနှင့် အခြားလူမှုအသိုင်းအဝိုင်းများတွင်နေထိုင်ကျသူများ အပေါ် လူ့အခွင့်အရေးချိုး ဖောက်မှုများနှင့် နှိပ်စက်ညှင်းပန်းမှုများကိုလည်း စုံစမ်းထောက်လှမ်း သင့်ကြောင်း Fortify Rights မှ ပြောကြားခဲ့ပါသည်။

သတင်းအချက်အလက်ရှာဖွေသည့် မစ်ရှင်အဖွဲ့ သည်မြန်မာစစ်တပ်နှင့် အစိုးရမဟုတ်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များကြား လက်နက်ကိုင်တိုက်ခိုက်သည့် ပဋိပက္ခများဖြစ်ပေါ်နေသော ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းသို့ -လုပ်ပိုင်ခွင့်အတွက် ချမှတ်ထားသည့် ဝင်ခွင့်-နှင့် ဝင်ရောက်ကာ လူ့ အခွင့် အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် Fortify Rightsမှ အားပေးထောက်ခံခဲ့ပါသည်။ မြန်မာစစ်သားများမှ စစ်ဆင်ရေးကဲ့သို့ ဇွန်လ ၂၀၁၁ခုနှစ် မှစတင်ကာ ကျယ်ပြန့်စွာ လုပ်ဆောင်နေသည့် ညှင်းပန်းနှိပ်စက်ခြင်း ၊ အတင်းအဓမ္မပြုကျင့်ခြင်း ၊ တရားဥပဒေကိုကျော်လွန်သောသတ်ဖြတ်ခြင်းများ ၊ လူသားဒိုင်းလွှားကိုအသုံးပြုခြင်း နှင့် အခြားလူ့ အခွင့်အရေးချိုးဖောက်မှုများကို Fortify Rights နှင့် ကချင်၊ ရှမ်း အရပ်ဖက်လူ့ အသိုင်းအဝိုင်းအဖွဲ့ အစည်းများမှ မှတ်တမ်းတင်ခဲ့ပါသည်။

သတင်းအချက်အလက်ရှာဖွေသည့် မစ်ရှင်အဖွဲ့သည် လူ့အခွင့်အရေးကောင်စီ၏ ၃၆ကြိမ်မြောက် အစည်းအဝေးတွင် တင်ပြမည်ဖြစ်ပြီး လူ့ အခွင့်အရေးကောင်စီ၏ ၃၇ကြိမ်မြောက်အစည်းအဝေးတွင် အစီရင်ခံချက်အပြည့်အစုံကိုတင်ပြမည်ဖြစ်သည်။

မြန်မာအရပ်ဖက်လူမှုအသိုင်းအဝိုင်းအဖွဲ့ အစည်းများ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့ အစည်းများနှင့် ကုလသမဂ္ဂမှ အရာရှိများ၏ လပေါင်း၊ နှစ်ပေါင်းများစွာ ရခိုင်ပြည်နယ်တွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြည်ပြည်ဆိုင်ရာမှ စုံစမ်းစစ်ဆေးရန် အကြိမ်ပေါင်းများစွာတောင်းဆိုခဲ့ခြင်းကြောင့် ကုလသမဂ္ဂ မှဆုံးဖြတ်ချက်ချခြင်းဖြင့်တုံ့ပြန်ခဲ့ပါသည်။

ဥပမာအားဖြင့်ရခိုင်ပြည်နယ်တွင်းအခြေအနေများကို "အမှန်တကယ်လွတ်လပ်သော"အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ် ရန် မြန်မာနိုင်ငံသား ၄၀ဖြင့်ဖွဲ့ စည်းထားသောအရပ်ဖက်လူမှုအသိုင်းအဝိုင်းအဖွဲ့ အစည်းများမှ ဇန်နဝါရီလ ၁ရက်နေ ကိုတောင်းဆိုရာ၌ ရခိုင်ပြည်နယ်တွင်း အစိုးရ၏ ဦးဆောင်ကြိုးပမ်းမှုအပေါ် ပြင်းထန်စွာအပြစ်တင်ပြောဆိုခြင်းမဟုတ်သည့် ပုံစံဖြင့်တောင်းဆိုခဲ့ပါသည်။ ဒီဇင်ဘာလအတွင်းတွင်လည်း နိုဘယ် ဆုရှင်များနှင့် နိုင်ငံခေါင်းဆောင်များမှ အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးမှုပြုလုပ်ရန်တောင်းဆိုခြင်း၊ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်မှ စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ရန်ကော်မရှင်အဖွဲ့ ဖွဲ့ စည်းရန် တောင်းဆိုခြင်း၊ မတ်လ ၃ရက်နေ့ တွင် Fortify Rightsနှင့် အပြည်ပြည်ဆိုင်ရာလူ့ အခွင့်အရေးအဖွဲ့ အစည်း ၁၂ခုမှ အနည်းဆုံးရခိုင်ပြည်နယ်တွင်း လူ ့ အခွင့်အရေးချိုးဖောက်မှုများကို အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးပြုလုပ်ရန်တောင်းဆိုခြင်း နှင့် မတ်လ ၁၃ရက်တွင် ကုလသမဂ္ဂ ၏အထူးပြောရေးဆိုခွင့်ရှိသူ Yanghee Lee မှရိုဟင်ဂျာများအပေါ် လူ့ အခွင့်အရေးချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ရန်သူမ၏ အစီရင်ခံစာဖြင့် လူ့ အခွင့်အရေးကောင်စီသို့ တောင်းဆိုခြင်းတို့ ပြု လုပ်ခဲ့ပါသည်။

အောက်တိုဘာလ ၂၀၁၅ခုနှစ်တွင် Fortify Rights နှင့် Yale ဥပဒေကျောင်းရှိ Allard K.Lowenstein အပြည်ပြည်ဆိုင်ရာ လူ့ အခွင့်အရေးဌာနမှ ကုလသမဂ္ဂလူ ့ အခွင့်အရေးကောင်စီအား ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာမွတ်ဆလင်များနှင့် ရခိုင်ဗုဒ္ဓဘာသာဝင်များ အပေါ်လူ ့ အခွင့်အရေးချိုးဖောက်မှု အခြေအနေအလုံးစုံကို အကဲဖြတ်နိုင်ရန် အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ ကို အတည် ပြုပြဌာန်းရန် တောင်းဆိုလိုက်ပါသည်။

"မြန်မာအစိုးရအာဏာပိုင်တွေအနေနဲ့သတင်းအချက်အလက်ရှာဖွေတဲ့ မစ်ရှင်အဖွဲ့ ကို နိုင်ငံအနေနဲ့ ပိုမိုကောင်းမွန်တဲ့ လူ ့ အခွင့်အရေး အကာအကွယ်ပေးဖို့ နဲ့ အမှန်တရားကိုဖော်ထုတ်တဲ့ ကိရိယာတခုအနေနဲ့ သတ်မှတ်ထင်မြင်သင့်တယ်" ဟုMatthew Smith မှပြောခဲ့ပါသည်။ "ဒီချိုးဖောက်မှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်တဲ့အထိ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနှင့်နိုင်ငံတွင်းတိုးတတ်ဖွံ့ ဖြိုး အောင်လုပ် ဆောင်မှုတွေက ဆက်ပြီး အခက်အခဲတွေရှိနေအုံးမယ်"

## FORTIFY RIGHTS အကြောင်း

Fortify Rightsသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို တားဆီးပြီး ဖြစ်သင့်ရသင့်သောအရာများအတွက် တရား ဥပဒေနည်း အ အရလုပ်ဆောင်ပေးသောအဖွဲ့ အစည်းဖြစ်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် ညှင်းပန်းနှိပ်စက်ခြင်းများကို မှတ်တမ်းတင်ခြင်း ၊ အထူး တည်ထွင်ထားသည့်နည်းပညာစနစ်ဖြင့် လူ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အထောက်အကူပေးခြင်း နှင့် ရလဒ်

အဖြေများရရှိရန်သတင်းစာရှင်းလင်းပွဲများပြုလုပ်ပါသည်။ ကျွန်ုပ်တို့ သည် Switzerlandနှင့်အမေရိကန်ပြည်ထောင်စု တွင် မှတ်ပုံတင်ကာ အရှေ့တောင် အာရှတွင် အခြေချသော လွတ်လပ်စွာရပ်တည်နေသည့် အကျိုးအမြတ်ရရှိရန်အတွက်မဟုတ်သော အ အစိုးရမဟုတ်သည့်အဖွဲ့ အစည်း ဖြစ်ပါသည်။